

# ကျင့်ကြံခြင်းကမ္ဘာ

တာအိုလုလင် (ယွမ်)

(စာစဥ် – ၂)　　(Chapter 16 - 30)

## အခန်း (၁၆)
## တိုက်ပွဲ ဝါသနာအိုး

"မင်းက ဘယ်အပေါက်ကနေ လေးဘက်ထောက်ပြီး ထွက်လာလဲဆိုတာ ငါမသိဘူး... ဒါပေမယ့် ဒါက မင်းအတွက် နောက်ဆုံးသတိပေးချက်ပဲလို့ ယူဆနိုင်တယ်....!"

ရန်ဖူချန်းက ပြောနေရင်းနဲ့ သူ့ဘေးမှာရှိတဲ့ ဓားကို ဆွဲထုတ်လိုက်တော့ သူ့ပတ်ပတ်လည်မှာ အရှိန်အဝါတွေ ပြောင်းလဲသွားတယ်။

ယွမ်က ရန်ဖူချန်းကို အပြုံးနဲ့ ကြည့်လိုက်ပါတယ်။ သူက လူတစ်ယောက်နဲ့ ပထမဆုံးအကြိမ် တိုက်ခိုက်ရမှာ ဆိုပေမယ့်လည်း စိုးရိမ်မှုတွေ ရှိရမယ့်အစား ဒါက အတော်လေး ပျော်စရာကောင်းတဲ့ အခြေအနေလို့ တွေးနေခဲ့လေရဲ့။

"မင်းက တိုက်ခိုက်ချင်တာလား...? လုပ်လိုက်လေ...! ငါကလည်း ငါ့ဓားကို မွန်းစတားမဟုတ်တဲ့ တစ်ခုခုနဲ့ တစ်ခါလောက် စမ်းသပ်ချင်နေတာ....!"

ယွမ်ကလည်း သူ့ဓားကို ထုတ်ယူလိုက်ပါတယ်။

ယွမ်ရဲ့ဓားက အစွမ်းထက်ပြီး ထက်ရှိတဲ့ အရှိန်အဝါတစ်ခုကို ထုတ်လွှတ်နေတာ မြင်တဲ့အခါ ရန်ဖူချန်းရဲ့ မျက်လုံးတွေက တုန်လှုပ်မှုကြောင့် ပြူးကျယ်သွားလေရဲ့။

"စိတ်ဝိညာဉ်အဆင့် ဓားတစ်လက်... ပြီးတော့ အဲဒါက အထွတ်အထိပ် အရည်အသွေးတောင် ဖြစ်နေသေးတယ်...! သူ့မှာ တကယ်ပဲ အထွတ်အထိပ် စိတ်ဝိညာဉ်လက်နက်တစ်ခု ရှိနေတာပဲ....!"

အဆင့်သတ်မှတ်ချက်ရှိတဲ့ လက်နက်တိုင်းကို အဖိုးတန်ရတနာတွေလို့ ယူဆနိုင်ပါတယ်။ သူတို့က သာမန်လက်နက်တွေထက် အဆပေါင်းများစွာ ပိုမိုသန်မာကြတယ်။ အထူးသဖြင့်တော့ ပိုပြီး မြင့်မားတဲ့ အရည်အသွေးနဲ့ လက်နက်တွေမှာပေါ့။

ယွမ်ရဲ့ဓားက အဆင့်အနိမ့်ဆုံးဖြစ်တဲ့ စိတ်ဝိညာဉ်အဆင့် ဖြစ်ပေမယ့်လည်း အထွတ်အထိပ် အရည်အသွေး လက်နက်တစ်ခုဆိုတာ ဂိုဏ်းတစ်ခုလုံးမှာ အဆင့်(၁၄)ဖြစ်တဲ့ ရန်ဖူချန်းလို့ လူမှာတောင် မရှိပါဘူး။

ရန်ဖူချန်းက ယွမ့်ဆီမှာ အထွတ်အထိပ် အရည်အသွေး လက်နက်တစ်ခု ရှိနေပြီး သူ့မှာတော့ အလယ်အလတ် အရည်အသွေး လက်နက်တစ်ခုသာ ရှိတာကို သဘောပေါက်သွားပြီးနောက်မှာ လေးလေးနက်နက် မျက်မှောင်ကုပ်သွားခဲ့တယ်။ သူ့သဘောထားကလည်း ပြောင်းလဲသွားလေရဲ့။ သူက အခြေအနေကို အရင်ကလို တည်တည်ငြိမ်ငြိမ် မကြည့်နိုင်တော့ပါဘူး။

သူက အစမှာကတည်းက မတိုက်ခင်မှာတင် အရေးနိမ့်နေခဲ့ပါပြီ။ ယွမ်ရဲ့ အထွတ်အထိပ် အရည်အသွေး လက်နက်နဲ့ယှဉ်ရင် သူ့ရဲ့ အလယ်အလတ် အရည်အသွေး လက်နက်က သစ်သားတုတ်တစ်ချောင်း ဖြစ်သွားလေရဲ့။

"မင်းက အဲဒီမှာ ဘာလို့ရပ်နေတာတုန်း...? မင်းက ပြောထားသို မတိုက်ခိုက်ချင်တော့ဘူးလား...."

အချိန်များစွာ ကြာပြီးတဲ့နောက်မှာတောင် သူက လှုပ်ရှားမှု မရှိတဲ့ အတွက် ယွမ်က သူ့ကို ပြောလိုက်တယ်။ သူ့အသံမှာ ရန်စတဲ့

အရိပ်အယောင်တစ်ခု ပါဝင်ခဲ့ပါသည်။

'မဟုတ်သေးဘူး....! သူ့မှာ အဆင့်မြင့် လက်နက်တစ်ခု ရှိပေမယ့်လည်း ငါ့မှာ ကျင့်ကြံခြင်း အခြေခံ အသာစီးရထားတာပဲ....! သူက အခုမှ စိတ်ဝိညာဉ်ကျောင်းတော်သား အဆင့်(၉)ပဲ ရှိသေးတယ်... ငါကတော့ စိတ်ဝိညာဉ်စစ်သည်တော် အဆင့်(၅) ရောက်နေပြီ....! သူ့မှာ အထွတ်အထိပ် အရည်အသွေး လက်နက်တစ်ခု ရှိရင်တောင် ငါ့မှာ ရှုံးစရာအကြောင်း မရှိဘူး....!'

ရန်ဖူချန်းက သူ့ပါသူ တွေးလိုက်မိတယ်။

ယွမ်ဆီမှာ အထွတ်အထိပ် အရည်အသွေး လက်နက်တစ်ခု ရှိရင်တောင် သူ့မှာ အဲဒါကို အပြည့်အဝ အသုံးပြုနိုင်မယ့် ကျင့်ကြံခြင်း အခြေခံမရှိရင် အဲဒါက ဝန်ထုပ်တစ်ခုသာ ဖြစ်သွားပါလိမ့်မယ်။

"မင်းက တောင်းပန်တဲ့အနေနဲ့ အဲဒီလက်နက်ကို လွှဲပေးခဲ့ရင်.... ငါက ဒီအချိန်မှာ မင်းတို့လုပ်ခဲ့သမျှကို ခွင့်လွှတ်ပေးမယ်... မိုကျိုးကို နှောင့်ယှက်နေတာကိုပါ ရပ်ပေးဦးမယ်... အဲဒါဆို ဘယ်လိုလဲ....?"

ယွမ်တစ်ယောက် ပါးစပ်မဟရသေးခင်မှာပဲ ရှောင်ဟွာက ပထမဆုံး အကြိမ် ပါးစပ်ဖွင့်လာခဲ့ပါတယ်။

"အစ်ကိုယွမ်.... ဒါက အစ်ကို့တွက် ကောင်းမွန်တဲ့ လေ့ကျင့်ရေးတစ်ခုပဲ... အစ်ကိုက သားရဲတွေနဲ့ တိုက်ခိုက်တာ ရင်းနှီးပေမယ့်.... တခြားလူတစ်ယောက်နဲ့ မတိုက်ခိုက်ရသေးဘူး... အရိုးသားဆုံး ပြောရရင်... အစ်ကိုက အနာဂတ်မှာ သားရဲတွေထက် လူတွေနဲ့ ပိုပြီး တိုက်ခိုက်ရလိမ့်မယ်...."

ယွမ်က ခေါင်းငြိမ့်ပြီးတော့ ဓားကို မြှောက်ပြီး တိုက်စစ်ပုံစံ ရပ်လိုက်တယ်။ သူ့မှာ တိုက်ပွဲကို ရှောင်လွှဲချင်စိတ် မရှိပါဘူး။ သူက ဒါကို ဂိမ်းထဲက

ပွဲတော်တစ်ခုလို ယူဆထားပြီးသားပါ။

"ကောင်းတယ်….! ဒါဆိုလည်း ငါက မင်းအလောင်းကနေပဲ ယူရတော့မှာပေါ့….!"

ရန်ဖူချန်းက ကြိုးဝါးရင်း ဓားကို လေထဲမြှောက်ကာ ယွမ်ဆီကို ပြေးဝင်လာခဲ့တယ်။

"သုံးမြွာဓားချက်….!"

ရန်ဖူချန်းက မျက်တောင်တစ်ခတ်အတွင်းမှာပဲ တိုက်ခိုက်မှုသုံးခုကို ဆက်သွယ်ပြီး တစ်ကြိမ်တည်းနဲ့ သုံးခေါက်တိုက်ခိုက်သလိုမျိုး တိုက်ခိုက်လာခဲ့ပါတယ်။

သူ့ရဲ့ ချဉ်းကပ်မှုကြောင့် ယွမ်က မျက်လုံးပြူးမိပါရဲ့…။ ဒါပေမယ့် သူက တုန်လှုပ်သွားခြင်း မရှိပါဘူး။ သူက ရန်ဖူချန်းရဲ့ တိုက်ခိုက်မှုတွေကို ဆန်းစစ်နေသလိုမျိုး အနီးကပ် ကြည့်နေခဲ့တယ်။

နောက်ထပ် ခဏအတွင်းမှာပဲ ယွမ်က သူ့ဓားကို မြှောက်ပြီး ဓားချက်တစ်ချက်တည်းနဲ့ တိုက်ကွက်သုံးခုကို ပိတ်ဆို့လိုက်တယ်။

"ဘာ….?!"

ယွမ်က သူ့တိုက်ခိုက်မှုကို ပြီးပြည့်စုံစွာ ပိတ်ဆို့လိုက်တဲ့နောက်မှာ ရန်ဖူချန်းက အံ့သြတကြီး ရေရွတ်လိုက်မိတယ်။

ဒါပေမယ့်လည်း… အဲ့ဒါကို ပိတ်ဆို့နိုင်တယ် ဆိုပေမယ့်… သူ့ထက် အဆင့်ငါးဆင့် ပိုမြင့်တဲ့ လူကနေ ဖန်တီးလိုက်တဲ့ စွမ်းအားကြောင့် ယွမ်တစ်ယောက် အနောက်ကို နည်းနည်းလေး တွန်းပို့ခံလိုက်ရတယ်။

"အံ့မခန်းပဲ…."

ယွမ်က တုန်ရီနေတဲ့ သူ့လက်ကို ကြည့်ရင်း မျက်နှာပေါ်မှာ အပြုံးတစ်ပွင့်

ပေါ်လာခဲ့ပါရဲ့။

"ဆစ်ကနဲ့ ထုံကျဉ်နေတဲ့ ခံစားချက်… အရမ်းကောင်းတဲ့ ခံစားချက်ပဲ…!"

အစစ်အမှန် ခန္ဓာကိုယ်က ဘာခံစားချက်ကိုမှ မခံစားနိုင်တဲ့ ယွမ်အတွက်တော့ ပထမဆုံးအကြိမ် ဒီလိုခံစားချက်တစ်ခုကို တွေ့ကြုံရတော့ စိတ်လှုပ်ရှားနေခဲ့ပါတယ်။ အဲဒါက သူ့ကို အသက်ရှင်နေတယ်လို့ ခံစားရအောင် ပြုလုပ်ပေးခဲ့တယ်။

"သူက ရူးနေတာလား….?"

ရန်ဖူချန်းက ယွမ်ရဲ့ မျက်နှာပေါ်က အပြုံးကို မြင်တော့ သူ့ပါသူ တွေးလိုက်မိတယ်။

"လာခဲ့… ထပ်ပြီးတော့ တိုက်ကြရအောင်…!"

ဒီတစ်ခေါက်မှာတော့ ယွမ်က စိတ်အားထက်သန်နေလေရဲ့။

'အစ်ကိုယွမ်ကို တိုက်ပွဲဝါသနာအိုး တစ်ယောက်လို့ ပြောရမှာလား….?'

ရှောင်ဟွာက တွေးလိုက်မိတယ်။

"သွေးစွန်းဓားချက်….!"

ဓားသွားကနေ အနီရောင် အလင်းတစ်ခု ရုတ်တရက် တောက်ပလာပြီးတော့ နေရာမှာတင် သတ်ဖြတ်ခြင်းဆန္ဒတွေ ပြည့်နှက်လာခဲ့တယ်။

"?!?!?!?"

ယွမ်က မြေကမ္ဘာအဆင့် ဓားနည်းစနစ်တစ်ခုကို အသုံးပြုခဲ့ကြောင်း သဘောပေါက်သွားတဲ့အချိန်မှာ ရန်ဖူချန်းက ဘောင်းဘီထဲ ချေးထွက်မတတ် ဖြစ်သွားလေရဲ့။

"မဖြစ်နိုင်ဘူး…! မင်းက စိတ်ဝိဉာဉ်ကျောင်းတော်သား အဆင့်ဆိုတာ ရှင်းနေတာပဲ…. မင်းက မြေကမ္ဘာအဆင့် ဓားနည်းစနစ်ကို ဘယ်လိုလုပ်ပြီး သုံး

နိုင်ရတာလဲ....!"

သူက တုန်လှုပ်နေခဲ့ပါတယ်။

ရန်ဖူချန်းက ဝင်လာတဲ့ တိုက်ကွက်ကို ပိတ်ဆို့ဖို့ သူ့ဓားကို ကတိုက်ကရိုက် မြှောက်လိုက်တယ်။

ဘမ်း....!

သူတို့ဓားတွေ ထိသွားတဲ့ အခိုက်မှာ ရန်ဖူချန်းတစ်ယောက် တောင်တစ်လုံးနဲ့ ရိုက်မိသလို ခံစားလိုက်ရတယ်။ သူ့အပေါ်ကို ဖိချလာတဲ့ နိုင်လိုမင်းထက် ဖိအားကြောင့် သူ့ဒူးက မြေကြီးပေါ်ကို ညွတ်ကျသွားတယ်။

နောက်ထပ်ခဏမှာပဲ ရန်ဖူချန်းတစ်ယောက် သူ့ဓားမှာ အက်ကွဲကြောင်းတွေ ပေါ်လာတာကို သတိပြုလိုက်မိတယ်။

"မကောင်းတော့ဘူး....! ဒီနှုန်းနဲ့ဆိုရင် သူက ငါ့လက်နက်ကို ဖျက်ဆီးလိမ့်မယ်....!"

"ငါ့ကို ကူဦး....!"

သူက ရပ်ကြည့်နေတဲ့ သူနဲ့အတူ ပါလာတဲ့ လူကို ရုတ်တရက် ခေါ်လိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ အဲဒီတပည့်က သူ့ဓားကိုထုတ်ပြီး အရှိန်မြင့်မြင့်နဲ့ သူတို့ဆီကို ချဉ်းကပ်လာခဲ့တယ်။

"တာအိုရှောင်းရင်းယွမ်.... သတိထား....!"

မိုကျိုးက အဲဒီတပည့်ကို ပိတ်ဆို့ဖို့ အချိန်မီ မရောက်နိုင်ခဲ့တာမို့ အန္တရာယ်လာနေတဲ့အကြောင်း ယွမ်ကို သတိပေးဖို့ ကျယ်လောင်စွာ အော်လိုက်တယ်။

ဒါပေမယ့်လည်း ယွမ်က လှည့်တောင်မကြည့်ဘဲ သူ့ဓားကို ဝှေ့ယမ်းပြီး

ရန်ဖူချန်းကို မီတာအနည်းငယ်ထိ တွန်းထုတ်လိုက်လေရဲ့။

ရန်ဖူချန်းတစ်ယောက် လွင့်သွားတဲ့အချိန်မှာ ယွမ်က ဒုတိယတပည့်ကို ရင်ဆိုင်ဖို့ လှည့်လိုက်ပါတယ်။

"သွေးစွန်းဓားချက်....!"

သူက အစောက စွမ်းရည်ကိုပဲ အသက်သွင်းပြီး သူ့ဓားကို လျှင်မြန်စွာ ဝှေ့ယမ်းလိုက်တယ်။ အလင်းကွေးတစ်ခု ဒုတိယတပည့်ကို အံ့အားသင့်စေခဲ့လေရဲ့။

အဲ့ဒီလို တိုက်ကွက်တစ်ခုအတွက် မပြင်ဆင်ထားတဲ့ တပည့်က သူ့ဆီကို အရှိန်ပြင်းပြင်းနဲ့ လာနေတဲ့ အလင်းကွေးကို ကြည့်ရုံသာ တတ်နိုင်ခဲ့ပါတယ်။ အလင်းကွေးက သူ့လက်တစ်ဖက်ကို ဖြတ်သွားခဲ့တယ်။

"အား.....! ငါ့လက်...! ငါ့လက်...!"

တပည့်က ကြမ်းပြင်ပေါ် လဲကျသွားပြီး သူ့ခန္ဓာကိုယ်ရဲ့ ညာဘက်ခြမ်းကို ဆုပ်ကိုင်ရင်း အော်ဟစ်ညည်းညူနေလေရဲ့။

"အခု....!"

ယွမ်က ဗီဇအသိစိတ်အရ လှုပ်ရှားခဲ့ပြီးတော့ တပည့်ရဲ့လက်ကိုဖြတ်ဖို့ တကယ်မရည်ရွယ်ခဲ့ပါဘူး။ အဲဒီနောက်မှာတော့ သူ့ကိုယ်တိုင်တောင် မကောင်းတဲ့ ခံစားချက်တစ်ခု ဖြစ်လာခဲ့ပါတယ်။

***